မုဆိုးမကွင်းကျေးရွာ

ကန်ကြီးထောင့်မြို့နယ်

# ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

# (၂၀၁၇-၂၀၁၈)



ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

မုဆိုးမကွင်းကျေးရွာ၊ကန်ကြီးထောင့်မြို့နယ်

(သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်
ရေးဦးစီးဌာနကကူညီရေးဆွဲသည်)

၂၀၂၂ခုနှစ်၊စက်တင်ဘာလ

**မာတိကာ**


မာတိကာ ၁

အတိုကောက်စကားလုံးများ ၅

စကားချီး ၆

ကံစုကျေးရွာအရင်းအမြစ်ပြမြေပုံ၊ကန်ကြီးထောင့်မြို့နယ် ၈

**အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်အစီအစဉ်** ၉

**(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့်လွှမ်းခြုံသက်ရောက်မှု** ၉

(က) ရည်ရွယ်ချက်နှင့်ကျိုးကြောင်းဖော်ပြချက်

(ခ) စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

**(၂) ကျေးရွာ၏ပထဝီဝင်အနေအထားနှင့်သဘာဝအရင်းအမြစ်များ** ၁၁

(က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

**(၃) ကျေးရွာ၏လူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ** ၁၁

(က) လူဦးရေဆိုင်ရာအချက်လက်များ

(ခ) စီးပွားရေးအခြေအနေ – ဝင်ငွေပိုင်ဆိုင်မှုနှင့်မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့်ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့်အာဟာရ

(င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာဆက်နွယ်မှု

**(၄) ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးတိုးတက်မှုအခြေအနေ** ၁၃

(က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့်သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

(စ) ပညာရေး၊ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့်ယဉ်ကျေးမှု

(ဇ) အခြေခံအဆောက်အဦများအားလက်လှမ်းမီမှု- လမ်းတံတား၊လျှပ်စစ်စွမ်းအား၊ သတင်းနှင့်ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

(၅) **ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ၊ အဟန့်အတားများနှင့်ကျော်လွှားရမည့်စိန်ခေါ်မှုများ** ၁၆

(က) ဖွံ့ဖြိုးတိုးတက်မှုကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့်ကျော်လွှားရမည့်စိန်ခေါ်မှုများ

(၆) **ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်နှင့်ဗျူဟာ** ၁၈

(၇) **ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့်ဗဟိုအဆင့်မူဝါဒများအကြားအစီအစဉ်ကျသော ချိတ်ဆက်မှုများ** ၁၉

(၈) **ဦးစားပေးစီမံချက်များနှင့်အကောင်အထည်ဖော်ဆောင်ရွက်မည့်အချိန်ကာလ** ၂၂

(က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

(ခ) ကဏ္ဍနှင့်ရင်းနှီးမြှုပ်နှံမှုကိုအခြေခံ၍စီမံချက်အုပ်စုသတ်မှတ်ခြင်း

(ဂ) ဦးစားပေးစီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ

(၉) **ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်** ၂၄

(၁၀) **ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ** ၂၅

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ

(ဂ) ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများ

(ဃ) ကျေးရွာ၏ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့်ပြုပြင်ထိန်းသိမ်းရန်အတွက်အဖွဲ့အစည်းဆိုင်ရာနှင့်ငွေကြေးဆိုင်ရာအစီအစဉ်များ

(၁၁) **စီမံကိန်းကြီးကြပ်စစ်ဆေးခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း** ၂၇

(၁၁-၁) ကြီးကြပ်စစ်ဆေးခြင်း

(၁၁-၂) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းဆောင်ရွက်ပြီးစီးမှုအကဲဖြတ်ခြင်း

(၁၁-၃) နည်းပညာဆိုင်ရာအကူအညီ

**နောက်ဆက်တွဲ**

**နောက်ဆက်တွဲ (၁) စီမံကိန်းဇယားများ** ၂၉

(၁) **လူမှုစီးပွားရေးအခြေအနေ**

ဇယား ၁ လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်များ

ဇယား ၂ လုပ်သားအင်အားနှင့်ဝင်ငွေရလုပ်ငန်းအမျိုးအစား

ဇယား ၃ လုပ်ငန်းနှင့်ကျား၊မအလိုက်အနည်းဆုံးနှင့်အများဆုံးလုပ်အားခန့်မှန်းထား

ဇယား ၄ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား ၅ ဓာတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား ၆ ဥစ္စာဓနအဆင့်အခြေအနေ

ဇယား ၇ ချေးငှားခြင်းမရှိဘဲတစ်နေ့လျှင်အနည်းဆုံးနှစ်နပ်စားနိုင်သည့်အိမ်ထောင်စုများ
ဇယား ၈ ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ
ဇယား ၉ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ
ဇယား ၁၀ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်သူများ

**(၂)ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးရေးအခြေအနေ**

ဇယား ၁၁ ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ
ဇယား ၁၂ ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသောပြင်ပအဖွဲ့အစည်းများ
ဇယား ၁၃ ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှုမြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု
ဇယား ၁၄ ကျေးရွာ၏ရေအရင်းအမြစ်နှင့်ရေသွင်းဧရိယာ
ဇယား ၁၅ အဓိကသီးနှံများနှင့်အထွက်နှုန်း
ဇယား ၁၆ ကျေးရွာ၏စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု
ဇယား ၁၇ သီးနှံထုတ်လုပ်မှုတိုးစေရန်အတွက်အခွင့်အလမ်းများ
ဇယား ၁၈ သီးနှံထုတ်လုပ်မှုအတွက်ပြဿနာနှင့်စိန်ခေါ်မှုများ
ဇယား ၁၉ မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ
ဇယား ၂၀ မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက်အခွင့်အလမ်းများ
ဇယား၂၁ မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုတိုးတက်စေရန်အတွက်ပြဿနာ နှင့်စိန်ခေါ်မှုများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးလုပ်ငန်းများအတွက်အခွင့်အလမ်းများ
ဇယား ၂၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးလုပ်ငန်းများအတွက်ပြဿနာနှင့်အခက်အခဲများ
ဇယား ၂၄ ရွှေ့ပြောင်းသွားလာမှုဖြစ်ပေါ်လာပုံ၊ပုံစံနှင့်အချိန်ကာလ
ဇယား ၂၅ ရွှေ့ပြောင်းသွားလာရခြင်း၏အဓိကအကြောင်းရင်း
ဇယား ၂၆ ရွှေ့ပြောင်းလုပ်ကိုင်သူများမှပြန်ပို့ငွေ
ဇယား ၂၇ ကုန်စည်နှင့်ဝန်ဆောင်မှု၊ဈေးကွက်လက်လှမ်းမီမှုအခြေအနေ
ဇယား ၂၈ ငွေကြေးလက်လှမ်းမီမှုနှင့်ဘဏ်လုပ်ငန်း
ဇယား ၂၉ သဘာဝပတ်ဝန်းကျင်နှင့်သဘာဝရင်းမြစ်စီမံခန့်ခွဲမှုအတွက်လက်ရှိအလေ့အကျင့်နှင့်အခက်အခဲများ
ဇယား ၃၀ မူလတန်း၊အလယ်တန်း၊အထက်တန်းနှင့်တက္ကသိုလ်အဆင့်စာတတ်မြောက်မှုနှုန်း
ဇယား ၃၁ ကျောင်းတက်နှုန်း
ဇယား ၃၂ စာသင်ကျောင်းဆောင်အခြေအနေနှင့်ဝန်ဆောင်မှုများ
ဇယား ၃၃ ပညာရေးအခက်အခဲနှင့်ပြဿနာများ
ဇယား ၃၄ အဖြစ်များသောရောဂါများ
ဇယား ၃၅ လွန်ခဲ့သော (၁၂) လအတွင်းကာကွယ်ဆေးထိုးနှံမှုနှင့်အာဟာရဆန်းစစ်မှု
ဇယား ၃၆ ကျန်းမာရေးအထောက်အပံ့နှင့်ဝန်ဆောင်မှုများ
ဇယား ၃၇ သောက်သုံးရေရရှိနိုင်မှု

ဇယား ၃၈ အိမ်သာအမျိုးအစား
ဇယား ၃၉ ကျား-မကိစ္စရပ်ဆိုင်ရာ
ဇယား ၄၀ ကျေးရွာ၏လမ်းတည်ရှိမှုအခြေအနေ
ဇယား ၄၁ ကျေးရွာ၏တံတားတည်ရှိမှုအခြေအနေ
ဇယား ၄၂ ရေကြောင်းသယ်ယူပို့ဆောင်ရေး
ဇယား ၄၃ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၄၄ လျှပ်စစ်မီးရရှိမှုအခြေအနေ
ဇယား ၄၅ ဆက်သွယ်ရေးနှင့်သတင်းအချက်အလက်နည်းပညာအခြေအနေ
ဇယား ၄၆ ယဉ်ကျေးမှုနှင့်လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၇ ဘေးကင်းလုံခြုံရေး၊ဝန်ဆောင်မှုအထောက်အကူများအားလက်လှမ်းမီမှု
ဇယား ၄၈ မှုခင်းဖြစ်ပွားမှုအခြေအနေ

**နောက်ဆက်တွဲ(၂)ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကိုအထောက်အပံ့ဖြစ်စေမည့်အခြေအနေကောင်းများ၊ အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့်စိန်ခေါ်မှုများ** ၆၄

ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကိုအထောက်အပံ့ဖြစ်စေသောအခြေအနေကောင်းများ
ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက်အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့်စိန်ခေါ်မှုများ

**နောက်ဆက်တွဲ (၃) ကျေးရွာဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာဆန်းစစ်ခြင်းမှဖြေရှင်းနည်းအထိ)** ၆၆

**ကိုးကားစာရင်း** ၆၈

## အတိုကောက်စကားလုံးများ

| | |
|---|---|
| AIDS | ခုခံအားကျဆင်းမှုရောဂါ |
| DRD | ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန |
| HIV | ခုခံအားကျဆင်းမှုရောဂါဖြစ်စေသောဗိုင်းရပ်စ် |
| MADB | မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ် |
| MEB | မြန်မာ့စီးပွားရေးဘဏ် |
| MMK | မြန်မာကျပ် |
| MoALI | စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန |
| NGO | အစိုးရမဟုတ်သောအဖွဲ့အစည်း |
| PRA | ကျေးရွာအခြေအနေကိုရွာသူရွာသားများကိုယ်တိုင်ဆန်းစစ်အကဲဖြတ်ခြင်း |
| SLRD | ကြေးတိုင်နှင့်မြေစာရင်းဦးစီးဌာန |
| STD | လိင်မှတဆင့်ကူးစက်တတ်သောရောဂါများ |
| PTA | မိဘဆရာအသင်း |
| TB | တီဘီရောဂါ |
| VDG | ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့ |

**စကားချီး**

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၇-၂၀၁၈ခုနှစ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော လူအများပါဝင်ရေးဆွဲ ထားသည့် ကျေးရွာဖွံ့ဖြိုးရေး စီမံချက်ဖြစ်ပါသည်။ ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေး အတွက် လိုအပ် သောနည်းပညာများပံ့ပိုးပေးသော သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များ နှင့် အကြံဉာဏ်များကိုတက်တက ်ကြွကြွပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်း များကိုလည်းကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို စီစဉ်ချမှတ်ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများစနစ်တကျ ပူးပေါင်းပါဝင်ဆောင်ရွက်သည့်နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။လူထုကိုယ်တိုင် စနစ်တကျပူးပေါင်း ဆောင်ရွက်နည်းကိုအသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်း တိုင်ပင်ဆွေးနွေးညှိနှိုင်းအဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူ အဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့် ကျွန်ုပ်တို့သည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့်သတင်း အချက်အလက်တို့၏ အရေးပါမှုကိုသိရှိရုံသာမက ကျေးရွာအုပ်စုအုပ်ချုပ်ရေး မှူးရုံးကဲ့သို့သော ကိန်းဂဏန်း အချက်အလက်ရရှိနိုင်သော နေရာများမှလည်းကောက်ယူရရှိခဲ့ ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှရယူရန်လိုအပ်ကြောင်းကိုလည်းကောင်းစွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကိုထပ်မံရရှိသည့် ကိန်းဂဏန်းအချက်အလက်များထပ်ဖြည့်ပေး ခြင်းဖြင့် ပိုမိုကောင်းလာမည်မှာသေချာပါသည်။ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး လုပ်ငန်းဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေးရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင်ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက် ပံ့ပိုးမှုများရရှိနိုင်မည်ဟုကျွန်ုပ်တို့မျှော်လင့်ပါသည်။ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာအားထုတ်မှုအခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့်အကဲဖြတ်ရန်အတွက် ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်းယုံကြည်ပါသည်။

ဤအစီအစဉ်တွင် အပိုင်း(၂)ပိုင်းပါရှိပါသည်။အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီ အစဉ်တို့ ပါဝင်ပါသည်။အကောင်အထည်ဖော်မည့်ဗျူဟာ၊ဦးစားပေးလုပ်ငန်းအစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေး ဆိုင်ရာ ရရှိနိုင်မည့်လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှုအဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။

အပိုင်း(ခ)သည်စီမံကိန်းဆိုင်ရာ အချက်အလက်များ၏ အကြောင်းအရာများဖြစ်ပြီးအဆိုပြုစီမံကိန်း လုပ်ငန်းများ၏အသေးစိတ်အချက်အလက်များပါဝင်ပါသည်။

စက်တင်ဘာ လ၊၂၀၂၂ခုနှစ်

ကျေးရွာဖွံ့ဖြိုးရေးအဖွဲ့

မုဆိုးမကွင်းကျေးရွာ၊ ပျဉ်းမငူကျေးရွာအုပ်စု

ကန့်ကြီးထောင့်မြို့နယ်

စာဖြူစုကျေးရွာအရင်းအမြစ်ပြမြေပုံ၊ကန်ကြီးထောင့်မြို့နယ်

ကျေးရွာနှင့်သယံဇာတမြေပုံ




ရေးဆွဲသူ -



# မုဆိုးမကွင်းကျေးရွာရာသီခွင်ပြ ပြက္ခဒိန်



## မုဆိုးမကွင်းကျေးရွာဦးတည်အုပ်စုဆွေးနွေးခြင်း



## အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့်လုပ်ငန်းအစီအစဉ်

### ၁ နိဒါန်း

### ၁.၁ ရည်ရွယ်ချက်

ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ကန်ကြီးထောင့်မြို့နယ်၊ ပျဉ်းမငူကျေးရွာအုပ်စုမဆိုးမကွင်း ကျေးရွာသည် အိမ်ခြေနှင့်လူဦးရေများသော်လည်း ဖွံ့ဖြိုးတိုးတက်မှုနည်းပါးနေခြင်း တို့ကြောင့် ဤအစီအစဉ်တွင် ပါဝင်ရခြင်းဖြစ်ပါသည်။ ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည် အစိုးရဌာနများ၊ ပြည်တွင်း/ ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်းဆောင်ရွက်ခဲ့ပြီးသောဖွံ့ဖြိုးရေး လုပ်ငန်း အတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံးကျေးရွာဖွံ့ဖြိုးရေး စီမံကိန်းများရေးဆွဲ အကောင်အထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်းသိရှိရပါသည်။

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရေးအတွေ့အကြုံမရှိခဲ့ပါ။ ထို့ကြောင့် ကျွန်ုပ်တို့၏ပထမဦး ဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကိုနိုင်ငံတော်၏ အကူအညီဖြင့်ရေးဆွဲရာတွင်ကျေးရွာလူထု ပါဝင်မှုအားနည်းရပါသည်။ ဤအစီအစဉ်ရေးဆွဲပြီးနောက်ကျေးရွာ၏ဖွံ့ဖြိုးရေးဆိုင်ရာကိန်းဂဏန်း၊ သတင်း အချက်အလက်များပြုစုရန် အရေးကြီးပုံကို အလေးထားမိလာကြပါသည်။ထို့အပြင် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှလိုအပ်သောကိန်းဂဏန်း၊ သတင်းအချက်အလက် များရယူရန်နှင့် ကျွန်ုပ်တို့၏ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန်လိုအပ်သော နည်းပညာများ ရရှိရန် အရေးကြီးကြောင်းကိုပါသတိပြုမိပါသည်။သို့သော် အလွယ်တကူတက်ကျွမ်းမှုမရှိ၍ စီစဉ်ဆောင်ရွက် ရာတွင်ခက်ခဲပါသဖြင့် မိမိတို့ဉာဏ်ရည်ဉာဏ်သွေး ပူးပေါင်းပါဝင်မှုများဖြင့် ပြုစုတင်ပြသွားမည် ဖြစ်ပါသည်။

ဤအစီအစဉ်တွင်ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့်ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့ နေရသောပြဿနာများ၊ ထိုပြဿနာများဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကိုအပံ့အပိုးဖြစ်စေ သောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅)နှစ်တာကာလအပြီးတွင် ရရှိအောင် ဆောင်ရွက်လိုသည့်ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ကျေးရွာအနေနှင့် ဆောင်ရွက် မည့်နည်းဗျူဟာများ၊ စီမံချက်များကိုရှင်းရှင်းလင်းလင်းဖော်ပြထားပါသည်။ထို့ပြင်ဦးစား ပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သောအရာများနှင့် ငွေကြေးရရှိနိုင်မည့်လမ်းကြောင်းများကိုလည်း ဖော်ပြထား ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့်ပတ်သက်သူ မှန်သမျှတို့သည်ဤအစီအစဉ်မှတ်တမ်း၏အသုံးဝင်မှုများကိုသိရှိစေရန်မျှော်လင့်ပါသည်။

## အစိုးရနှင့်အခြားအဖွဲ့အစည်းများအတွက်အသုံးဝင်မှု

ကျွန်ုပ်တို့၏ ကျေးရွာအဆင့်အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာအကူအညီများကိုစုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ပြည်နယ်နှင့်တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့်အစိုးရအဖွဲ့အစည်းများအားတင်ပြမည်ဖြစ်ပါသည်။

ပုဂ္ဂလိကကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင်အဖွဲ့အစည်းများသည် ကျေးရွာလူထု၏အမှန်တကယ်လိုအပ်ချက်များနှင့် ဦးစားပေးဆောင်ရွက်ရမည့်လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။

ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေလုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိငွေကြေးဆိုင်ရာလိုအပ်ချက်များအတွက် သတင်းအချက်အလက်များ ပိုမိုသိရှိလာနိုင်မည်ဖြစ်သည်။ သို့မှသာတစ်နိုင်ငံလုံးအတိုင်းအတာအရ ပါဝင်လှုဒါန်းမည်ဆိုပါက ပိုမိုထိရောက်နိုင်မည်ဖြစ်ပါ သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့်တက္ကသိုလ်များအနေဖြင့် ကျွန်တော်တို့ကျေးရွာနှင့် ကျေးလက်လူထု၏တိကျသော လိုအပ်ချက်များအားသိရှိလာခြင်းကြောင့် ကျွန်တော်တို့ကျေးရွာနှင့်ဆိုင်သော၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက်လာနိုင်မည်ဖြစ်သည်။ လုပ်ငန်းအကြီးစားများမဟုတ်ဘဲ လူထုကိုယ်တိုင် ပါဝင်ဆောင်ရွက်နိုင်သည့် လုပ်ငန်းအသေးစား များဖြစ်၍ လူထုမှလည်းထိုက်သင့်သည့် လုပ်အားများထည့်ဝင်နိုင်ခြင်း၊ စိတ်ပါဝင်စားမှု၊ ကိုယ်တိုင်ပါဝင်ဆောင်ရွက်နိုင်မှု၊ စိတ်အားထက်သန်မှုနှင့် အတွေ့အကြုံများလည်းရရှိနိုင်မည် ဖြစ်ပါသည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေး နှင့်ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများအနေဖြင့် ယုံကြည်ရလောက်သည့်သတင်းအချက်အလက်များကိုရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာငွေကြေးဆိုင်ရာအဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာအစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့်အလှူရှင်အဖွဲ့အစည်းများအနေဖြင့် ၎င်းတို့အချင်းချင်းပေါင်းစည်း ဆောင်ရွက်မှုပိုမိုကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကိုမြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်းစီစဉ်မှုများပြုလာနိုင်ပါမည်။

## ၁.၂စီမံကိန်း၏လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်း ကျွန်ုပ်တို့ကိုယ်တိုင်တတ်နိုင်သောငွေကြေး၊အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှ ရနိုင်မည့်အကူအညီများကိုအခြေခံကာ

ဦးစားပေးစီမံကိန်းများချမှတ်ခဲ့ပါသည်။ယခုအခါယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့်ဖွံ့ဖြိုးရေးအမြင် ဖြင့်ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့်ရရှိပြီးအမြင် ရှင်းလင်းမှု ရစေကာဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကိုအဓိကနေရာတွင်ထားရှိခြင်းဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍စုစည်းခြင်း၊ ဦးစားပေးရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာလူထု၏ဖွံ့ဖြိုးမှုကို တိတိကျကျပံ့ပိုးပေးရာရောက်ပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးအစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ငွေကြေး အခက်အခဲ ၊နည်းပညာအခက်အခဲများရှိနိုင်ပါသည်။သို့ဖြစ်၍ လက်တွေ့အကောင်အထည်ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေး လိုအပ်ချက်များအားအများဆုံးနှင့် အထိရောက်ဆုံးဖြည့်ဆည်းနိုင်မည့် စီမံကိန်းများကို ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့်လိုအပ်သောအရင်း အနှီးများပြည့်စုံမှုပေါ်မူတည်၍ နောင်တွင်တဖြည်းဖြည်းတိုးချဲ့ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

## ၂။ ပထဝီအနေအထားနှင့်သဘာဝသယံဇာတအရင်းအမြစ်များ

### (က) တည်နေရာ၊ရာသီဥတုနှင့်မြေမျက်နှာသွင်ပြင်အနေအထား

သရက်တောကျေးရွာသည် ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ကန်ကြီးထောင့်မြို့နယ် အတွင်းတည်ရှိပြီး ပုသိမ်-ရန်ကုန်ကားလမ်းမှ ဒါးကမြဝတီလမ်းဆုံမှတဆင့် ဒါးက-အိမ်မဲလမ်းအတိုင်းလာ၍ မိုင်တိုင်အမှတ် ၁၂မိုင် ရွာသစ်ကုန်းကျေးရွာအမှတဆင့် ကားဆိုင်ကယ်ဖြင့် လမ်းအတိုင်း လာရောက်၍ ၄င်းကျေးရွာသို့ သွားလာနိုင်ပါသည်။ ရာသီဥတုမှာ ပုံမှန် အနေအထား ရှိပါသည်။ ကျေးရွာသည်မြေပြန့်ဒေသတွင်တည်ရှိပြီး အဓိကအသက်မွေး ဝမ်းကျောင်း လုပ်ငန်းမှာ စိုက်ပျိုးရေးလုပ်ငန်းနှင့်မွေးမြူရေးလုပ်ငန်းဖြစ်ပါသည်။ကျေးရွာပတ်လည်တွင် မြစ်ချောင်းမရှိပါ/လယ်ကွင်း များနှင့် အခြားကျေးရွာများ ရှိပါသည်။

### (ခ) သဘာဝအရင်းအမြစ်

ကျေးရွာသည် လယ်ယာမြေစိုက်ပျိုးဧကမြေအားလုံးသည် မြေဩဇာအသင့်အတင့်ကောင်းမွန်ပါ သည်။ လယ်ယာမြေစိုက်ပျိုးဧက (၃၉၆)ဧကနှင့်ဥယျာဉ်မြေ(၁၆)ဧက ရှိပြီး စိုက်ပျိုးမြေအားလုံးသည် မိုးရာသီတွင်မိုးရေကို အဓိကထား၍စိုက်ပျိုးကြပါသည်။နွေစပါးလည်း စိုက်ပျိုးဖြစ်ထွန်းပါသည်။ မြေဆီဩဇာအသင့်အတင့် ကောင်းမွန်ပါသည်။ကျေးရွာတွင် သဘာဝတွင်းထွက်သယံဇာတများမရှိပါ။သဘာဝတိရိစ္ဆာန်မျိုးစိတ် များလည်းရရှိနိုင်မှုနည်းပါးသွားပြီဖြစ်ပါသည်။ နွား၊ ကြက်၊ ဝက်၊ ဘဲများကိုသာ တစ်နိုင်တစ်ပိုင် မွေးမြူကြပါသည်။ နွားစာအတွက် ကောက်ရိုးအပြင် မြက်များကို လယ်ကန်သင်းများနှင့် မြောင်း ကမ်းပါးမှ အလွယ်တကူရရှိနိုင်ပါသည်။ ဆေးဖက်ဝင်အပင်များ အသင့်အတင့်ရှိပါသည်။

## ၃။ ကျေးရွာလူမှုဖွံ့ဖြိုးတိုးတက်ရေးအခြေအနေ

### (က) လူဦးရေဆိုင်ရာအချက်အလက်များ

အိမ်ထောင်စုပေါင်း (၁၇၇)စုနှင့် ကျား(၁၇၆)၊မ(၁၈၀)ဦးဖြင့် လူဦးရေစုစုပေါင်း (၃၅၆)ဦး ရှိကာ တစ်အိမ်ထောင်လျှင် ပျမ်းမျှ(၃.၆)ဦးနှုန်းရှိပြီး နိုင်ငံတော်၏တစ်အိမ်ထောင်ပျမ်းမျှနှုန်း ၅ဦးနှုန်းထက် အလွန်လျော့နည်းနေပါသည်။ကျေးရွာတွင် ဗမာ၊ကရင်လူမျိုးများ အများဆုံးနေထိုင်ကြပြီး အလုပ်လုပ် နိုင်သည့်အရွယ်သည် ကျေးရွာရှိလူဦးရေအားလုံး၏ ၅၂%ခန့်ရှိပြီး အမျိုးသမီးဦးရေသည် အမျိုးသား အရေနှင့်ကွာခြားမှုမရှိပါ။သို့သော် အမျိုးသမီးများလုပ်ကိုင်နိုင်သည့် အလုပ်များကိုပါ ထည့်သွင်းစဉ်းစားပြီး အလုပ်အကိုင်များဖန်တီးပေးနိုင်ပါက လူ့စွမ်းအားအရင်းအမြစ်ကို ထိရောက်စွာအသုံးချနိုင်ပြီး ကျေးရွာဖွံ့ဖြိုးရေး အတွက်ပိုမိုအထောက်အအကူပြုစေနိုင်ပါမည်။

### (ခ) စီးပွားရေးအခြေအနေ – ဝင်ငွေ၊ပိုင်ဆိုင်မှုနှင့်မမျှတမှု

အဓိကဝင်ငွေရလုပ်ငန်းသည် စိုက်ပျိုးရေးဖြစ်ပြီး တစ်ရွာလုံး၏ဝင်ငွေအနေအထားမှာ သာမန်အားဖြင့်အသင့်အတင့်ကောင်းမွန်ပါသည်။ဆင်းရဲချမ်းသာ အဆင့်သတ်မှတ်မှုတွင် မိမိတို့ကျေးရွာအနေအထားဖြင့်ကြည့်သော် အိမ်ထောင်စုအားလုံး၏၆၉%ခန့်သည်ဆင်းရဲနှင့်အလွန်မပြေလည်သောအိမ်ထောင်စုအဆင့်အဖြစ်သတ်မှတ်ကြပြီးအလယ်အလတ်အဆင့်နှင့် အဆင်ပြေသည့်အဆင့်တွင် ၃၁ % စီရှိကြသည်။ကျေးရွာတွင်လယ်ယာမြေပိုင်ဆိုင်မှု၊ လက်လုပ်မီမှု၊ လယ်ယာသုံးစက်ကိရိယာများပိုင်ဆိုင်မှုအသင့်အတင့်ရှိပြီး တူးမြောင်းရေသွင်း၍ စိုက်ပျိုးနိုင်မှုတို့ကြောင့် ကျေးရွာစီးပွားရေး အနေအထားမှာ အသင့်အတင့်ကောင်းမွန်သည်ဟု ပြောနိုင်သည်။ဆင်းရဲအဆင့်တွင် လက်လုပ်လက်စား ကျပန်းများနှင့်မြေယာမဲ့အိမ်ထောင်စုများပါဝင်သည်။ ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စု (၁၀%)ရှိပါ။အဆိုပါ အိမ်ထောင်စုများသည် ဆင်းရဲနှင့်မပြေလည်သောအိမ်ထောင်စုများတွင် ပါဝင်ပါသည်။

### (ဂ) ဆင်းရဲနွမ်းပါးမှုနှင့်ထိခိုက်လွယ်မှု

ကျေးရွာတွင် မြေယာမဲ့အိမ်ထောင်စုအရေအတွက်မှာ သုံးပုံ နှစ်ပုံခန့်ရှိပြီး ရာသီအလိုက်စိုက်ပျိုးရေး လုပ်ငန်းများတွင်အဓိကဝင်ရောက်လုပ်ကိုင်ကြပြီး မွေးမြူရေးလုပ်ငန်း၊ လက်လီဈေးရောင်း၊ သယ်ယူပို့ ဆောင်ရေး၊စသည်တို့တွင်ကျပန်းအဖြစ်လုပ်ကိုင်ကြသည်။ကျေးရွာမှ ဆင်းရဲနှင့်အလွန်ဆင်းရဲအိမ်ထောင်စု များ၏ ၃၀% ဖြစ်သော အိမ်ထောင်စု (၁၇) စုခန့်အား လေ့လာ ဆန်းစစ်မှုအရ ယင်းတို့အားလုံး၏ ၅၀% မှာသူတပါးထံမှမချေးမငှားပဲ၃နှင့်၆လကြား ဝမ်းစာဖူလုံမှုရှိကြောင်း လေ့လာတွေ့ရှိရပါသည်။ ချေးငွေအများစုကို မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် ပုဂ္ဂလိက အသေးစားချေးငွေဝန်ဆောင်မှု ကဏ္ဍနှင့်ဆွေမျိုးများ၊ မိတ်ဆွေများမှချေးယူရရှိကြသည်။ ချေးငွေများကို အသုံးပြုကြပုံမှာစားသုံးရန်၊ ရင်းနှီးမြှုပ်နှံရန်နှင့် ကျန်းမာရေးကိစ္စရပ်များအတွက် အဓိကသုံးစွဲကြပြီး ဝင်ငွေရအလုပ်အကိုင်များ၊ ပညာရေးတို့အတွက်ဒုတိယအနေအထားတွင်သုံးစွဲကြ သည်။

ကျေးရွာတွင်ထိခိုက်လွယ်သောအိမ်ထောင်စုများမှာ မြေယာမဲ့ဆင်းရဲသားတောင်သူများနှင့် လက်လုပ်လက်စားကျပန်းများဖြစ်ပါသည်။ထိခိုက်သက်ရောက်မှုအမျိုးအစားတွင် ဆင်းရဲသော အိမ်ထောင်

စုများအတွက် စားနပ်ရိက္ခာမဖူလုံမှုတိရစ္ဆာန်ရောဂါကျရောက်ခြင်းနှင့် လမ်းပန်း ဆက်သွယ်ရေး အခက်အခဲတို့ကိုအနည်းငယ်သာတွေ့ရှိရပါသည်။

## (ဃ) ကျန်းမာရေးနှင့်အာဟာရ

ကျေးရွာတွင် ရွာသားအများစုသည်သာမန်အားဖြင့် ကျန်းမာရေးကောင်းမွန်ကြပါသည်။ ကလေးငယ်အများစုသည် ကျန်းမာကြသော်လည်း တခါတရံရာသီအကူးအပြောင်းတွင် သွေးလွန်တုပ်ကွေးဖြစ်ပွားမှုများ အသင့်အတင့်ရှိသည်။အမျိုးသမီး၊ လူငယ်လူရွယ်၊ သက်ကြီးပိုင်းအများစုတို့သည်လည်း တစ်ကိုယ်ရည်သန့်ရှင်းရေးနှင့် ကျန်းမာရေးအသိအမြင်များ အသင့်အတင့်ရှိကြသည်။ ကျေးရွာသားများအနေဖြင့် အခြေခံကျန်းမာရေးစောင့်ရှောက်မှုများကို ကုန်စုကျေးရွာဆေးပေးခန်း သို့ (၁)မိုင်ခန့်အကွာနှင့် ကျေးရွာမှ(၈)မိုင် ခွဲခန့်အကွာရှိ ကန်ကြီးထောင့်မြို့နယ်ဆေးရုံနှင့် (၁၈)မိုင်ကျော်ခန့်အကွာရှိ ပုသိမ်မြို့ဆေးရုံကြီးသို့ ကားလမ်းဖြင့် သွားရောက်ဆေးကုသနိုင်ပါသည်။ကျေးရွာတွင် အဝီစိတွင်းမှရေကို အများဆုံးအသုံးပြုကြသည်။

## (င) ပညာရေးနှင့်ကျွမ်းကျင်မှုများ

ကျေးရွာတွင် စာမတတ်သူဦးရေအနည်းငယ်သာရှိသည်။ ပညာရေးအဆင့်အတန်း အသင့်အတင့်ရှိပါသည်။ ဘွဲ့ရရှိသူများနှင့် တက္ကသိုလ်ပညာသင်ကြားသူဦးရေ အနည်းငယ်သာရှိပါသည်။ အခြေခံပညာ မူလတန်းနှင့် ၊အလယ်တန်းပညာကို ကျေးရွာတွင်သင်ယူနိုင်ပါသည်။ အထက်တန်းကိုကျေးရွာမှ (၂)မိုင်ခန့်ဝေးသည့် ဝက်ထိုးကျေးရွာ အုပ်စုအတွင်းရှိ ဝက်ထိုးကျေးရွာတွင်သင်ယူနိုင်ပါသည်။ တက္ကသိုလ်ပညာရေးကိုပုသိမ်မြို့တွင် သင်ကြားနိုင်ပါသည်။ သို့သော် အသက်မွေးဝမ်းကျောင်းလုပ်ငန်းများဆိုင်ရာကျွမ်းကျင်မှုသင်တန်းများကို ကန်ကြီးထောင့်မြို့ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတွင် အခမဲ့သင်ကြားနိုင်ပါသည်။ လူငယ်လူရွယ်များအတွက် ကျွမ်းကျင်မှုအခြေခံသည့် အလုပ်အကိုင်အခွင့်အလမ်းများ နည်းပါးဆဲဖြစ် သည်။

## (စ) ကျားမဆိုင်ရာဆက်နွယ်မှု

ကျေးရွာတွင်ကျားမဆိုင်ရာ ဆက်နွယ်မှုအနေအထားမှာ တည်ငြိမ်ကောင်းမွန်ပါသည်။မိသားစုအတွင်းကျား/မတို့၏အခန်းကဏ္ဍအသီးသီးကို ရပ်ရွာသတ်မှတ်ချက်များအတိုင်း ကျင့်သုံးကြပါသည်။ကျားနှင့်မအကြားပြင်းထန်သော အိမ်တွင်းအကြမ်းဖက်မှုနှင့်ခွဲခြား ဆက်ဆံခြင်းကိစ္စများ မတွေ့ရပါ။

ပညာရေးနှင့်ဆိုင်သော မူလတန်း၊အလယ်တန်းနှင့် အထက်တန်းများရှိ ကိန်းဂဏန်းများတွင် ကျား၊မအရေအတွက်မှာအလွန်ကွာခြားမှုမရှိသဖြင့် အမျိုးသား၊ အမျိုးသမီးများ သာမန်အားဖြင့် ပညာရေးနှင့်အခြားနယ်ပယ်များတွင် အခွင့်အရေးတူညီစွာ ရရှိသည်ဟုပြောနိုင်ပါသည်။ သို့သော်

လုပ်အားသဘာဝနှင့်အင်အားစိုက်ထုတ်ရမှုအရ နေ့တွက်လုပ်အားခငွေများမှာ အမျိုးသားများက ပိုမိုရကြသည်။အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့် အခြားလူမှုရေးလုပ်ငန်းများတွင်လည်း အမျိုးသမီး ပါဝင်မှုအသင့်အတင့်ရှိကြသည်။ကျား/မတန်းတူညီမျှမှုနှင့်ပတ်သက်၍ အသိပညာပေးခြင်းများကို မြှင့်တင်ဆောင်ရွက်ပေးခြင်းဖြင့် ကျား/မတန်းတူညီမျှမှုဖွံ့ဖြိုးမှုတို့အတွက် ပိုမိုအထောက်အပံ့ဖြစ်လာနိုင် ပါသည်။

## ၄။ ကဏ္ဍအသီးသီး၏လက်ရှိဖွံ့ဖြိုးမှုအခြေအနေများ

### (က) ဖွံ့ဖြိုးရေးဆိုင်ရာစီမံအုပ်ချုပ်မှု

ကျေးရွာတွင် လူမှုအသင်းအဖွဲ့အနေဖြင့် လူငယ်များဖြင့်ဖွဲ့စည်းထားသော လူငယ်အဖွဲ့များမရှိပါ။

### (ခ) သီးနှံ၊သားငါးထုတ်လုပ်ရေးကဏ္ဍ

ကျေးရွာတွင်မိုးစပါးနှင့်ဆောင်းစပါးကိုအဓိကထားစိုက်ပျိုးကြပြီး အချို့အိမ်ထောင်စုများမှာ သီးပင်စားပင်များနှင့် မွေးမြူရေးလုပ်ငန်းများကို တနိုင်တပိုင်လုပ်ကိုင်ကြသည်။လယ်ယာမြေ (၃၉၅)ဧက ရှိပါသည်။ မိုးစပါးတစ်ဧကပျမ်းမျှအထွက်နှုန်းမှာ(၆၀)တင်း၊ နှင့်ဆောင်းစပါးတစ်ဧကလျှင် (၉၀)တင်းနှုန်းထွက်ရှိသည်။သီးနှံစိုက်ခင်းများတွင် နှစ်စဉ်နှစ်တိုင်း ဖျက်ပိုးကျရောက်မှု အသင့်အတင့် ရှိပါသည်။

ကျေးရွာတွင် ကိုယ်ပိုင်လက်တွန်းထွန်စက်များ၊ ခြွေလှေ့စက်များဖြင့်လုပ်ကိုင်သူများ ရှိသကဲ့သို့ လယ်ယာမြေနည်းပါးသူများမှာလည်း ငှားရမ်းလုပ်ကိုင်ကြပါသည်။ကျေးရွာတွင်စပါးကို အဓိကထား စိုက်ပျိုးသဖြင့် ကျေးရွာမှကျပန်းအလုပ်သမားများအတွက် အလုပ်အကိုင်အသင့်အတင့်ရရှိကြ သည်။စပါးရိတ်သိမ်းချိန်တွင် ရိတ်သိမ်းခြွေလှေ့စက်များဖြင့်လုပ်ကိုင်ကြ၍ ကျပန်းလုပ်သားများအတွက် အလုပ်အကိုင်ပြတ်လပ်မှုများလည်းတစ်ခါတစ်ရံကြုံတွေ့ရလေ့ရှိပါသည်။

ကျေးရွာတွင် နွားမွေးမြူသ၈.၃%ရှိပြီး ကောင်ရေ(၁၉)ကောင်ဖြင့် လယ်ယာလုပ်ငန်းလုပ်ကိုင်ကြ ပါသည်။ဝက်မွေးသူအိမ်ထောင်စုမှာတစ်ရွာလုံး၏၅၅% ဝန်းကျင်ရှိပြီး ဒေသမှဝက်မျိုးများ CPမျိုးများ ကို တစ်အိမ်လျှင် (၁)ကောင်၊ (၂)ကောင်ခန့်မွေးမြူကြသည်။ ဒေသကြက် မွေးသည့်အိမ်ထောင်စုမှာ ၄၈% ရှိပြီး တစ်အိမ်လျှင် (၁၈)ကောင်နှုန်းမွေးမြူကြသည်။ ဒေသဘဲမွေးသည့် အိမ်ထောင်စုမှာ၁၁% ရှိပြီးတစ်အိမ်လျှင်(၆)ကောင်နှုန်း မွေးမြူကြသည်။အိမ်ထောင်စု(၁)စုမှဘဲ ၁၁ကောင် မွေးမြူထားပါသည်။ ရာသီအလိုက်ဖြစ်ပွါးတတ်သော ကြက်နာ၊ဝက်နာစသည့်တိရိစ္ဆာန်ရောဂါများ ရံဖန်ရံခါ ကျရောက်တတ်သည်။ ကျေးရွာတွင် တစ်နိုင်တစ်ပိုင် မွေးမြူသည့်အိမ်ထောင်စုအရေအတွက် နှင့် မွေးမြူသည့်ကောင်ရေ အသင့်အတင့်သာရှိပါသည်။ စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းနည်းပါးသည်။

### (ဂ) စိုက်ပျိုးမွေးမြူရေးမဟုတ်သောအသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ကျေးရွာတွင်အိမ်တွင်းမှုကုန်ထုတ်လုပ်ငန်းအနေဖြင့် ဆန်စက်လုပ်ငန်းသာရှိသည်။အခြား ဝင်ငွေရ လုပ်ငန်းများမှာ နေ့စားအလုပ်များ၊ သယ်ယူပို့ဆောင်ရေး၊ဈေးရောင်း၊လက်သမား၊ပန်းရံ စသည်တို့တွင်

ကျပန်းအဖြစ်လုပ်ကိုင်ခြင်းတို့ဖြစ်ကြသည်။လုပ်ငန်းအများစုမှာ ရာသီဥတုနှင့် အမျိုးအစား အလိုက်တွက် ခြေကိုက်မှုအနည်းအပါးမှ အသင့်အတင့်အနေအထားတွင်ရှိသည်။ လုပ်သက်နှင့် ပညာအရည် အချင်းအလိုက် လစာအမျိုးမျိုးရရှိ ကြသည်။

ကျေးရွာတွင်အလုပ်လုပ်နိုင်သောဦးရေ အသင့်အတင့်ရှိပြီး လူ့အရင်းအမြစ်အလားအလာကောင်း တစ်ရပ်ဖြစ်သည်။မြို့ပေါ်တွင် သက်မွေးဝမ်းကျောင်းသင်တန်းအချို့ကို ဝန်ဆောင်မှုပေးနိုင်သောလုပ်ငန်း များဖြစ်သော အပ်ချုပ်၊ ဆံပင်အလှပြင်၊ မော်တော်ဆိုင်ကယ်ပြင်၊မိုဘိုင်းဖုန်းပြင်၊ ဝပ်ရှော့စသည့် အသက်မွေးဝမ်းကျောင်းသင်တန်းများရှိသော်လည်း ရွာသားအများစုသည်အဆိုပါ သင်တန်းများနှင့် အထိအတွေ့နည်းပါးကြသည်။လုပ်ငန်းခွင်သုံးပညာအရည်အချင်းပိုင်းတွင်လည်း အနည်းငယ်နိမ့်ကျ ကြပြီးကျွမ်းကျင်မှုအခြေခံသည့်အလုပ်အကိုင်ရရှိမှုအားနည်းသည်။

## (ဃ) သဘာဝပတ်ဝန်းကျင်နှင့်သယံဇာတစီမံခန့်ခွဲမှု

ကျေးရွာရှိစပါးစိုက်ခင်းများတွင် ဖျက်ပိုးများကျရောက်တတ်ခြင်း၊ပိုးသတ်ဆေးနှင့်ဓာတုမြေဩဇာ သုံးစွဲမှုများပြားခြင်းတို့ကြောင့် မြေဆီလွှာအရည်အသွေးကျဆင်းလာနိုင်သည်။စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှုတွင် လည်းပလပ်စတစ်အိတ်ခွံ၊ပုလင်းခွံ၊ဖူးခွံများကိုစနစ်တကျမစွန့်ပစ်ကြသဖြင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အသိပညာပေးလုပ်ငန်းများမြှင့်တင်ဆောင်ရွက်ပေးသင့်သည်။

ဤကျေးရွာမှာ မြေပြန့်ဒေသအပိုင်းတွင်တည်ရှိပါသည်။တစ်ခါတစ်ရံမြစ်ရေလျှံ၍ရေကြီးခြင်း ရှိတတ်ပါသည်။ကျေးရွာ၏ ဘေးပတ်ဝန်းကျင်မှာ လယ်ယာမြေများ၊မြစ်ချောင်းများနှင့်သစ်ပင်များဖြင့် စိမ်းလန်းစိုပြေနေ၍မိုးခေါင်ခြင်းသဘာဝဘေးအန္တရာယ်မှာအလွန်နည်းပါးပါသည်။ကျေးရွာတွင်စွန့်ပစ်အ မှိုက်စနစ်တကျစွန့်ပစ်ရေးဆောင်ရွက်ထားပါသည်။

## (င) ဘဏ်နှင့်ငွေကြေးဆိုင်ရာဝန်ဆောင်မှု

ကျေးရွာမှတောင်သူများသည် မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်မှထုတ်ချေးသောချေးငွေကိုတစ်လ အတိုးနှုန်း၇၀ပြားတိုး၊ တစ်ဧကတစ်သိန်းခွဲကျပ်နှုန်းဖြင့် အများဆုံးဆယ်ဧကအတွက်ချေးယူနိုင် ကြသည်။

## (စ) ပညာရေး၊ကျန်းမာရေး၊ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ကျေးရွာတွင်အခြေခံပညာရေးကို ရွာအတွင်းမူလတန်းနှင့်အလယ်တန်းကျောင်းရှိပါသည်။ ကျေးရွာမှ (၂)မိုင်ခန့်ဝေးသော ဝက်ထိုးကျေးရွာတွင် အထက်တန်းပညာ သင်ယူနိုင်ပါသည်။ တက္ကသိုလ်ပညာရေးကိုပုသိမ်မြို့တွင် သင်ကြားနိုင်ပါသည်။ ကျေးရွာသားများအနေဖြင့် အခြေခံ ကျန်းမာရေး စောင့်ရှောက်မှုများကို ဝက်ထိုးကျေးရွာ ဆေးပေးခန်း သို့ (၂)မိုင်အကွာနှင့် ကျေးရွာမှ(၄)မိုင်ခန့်အကွာရှိ ဒါးကတိုက်နယ် ဆေးရုံသို့ကားလမ်းဖြင့် သွားရောက်ဆေး ကုသနိုင်ပါသည်။ ၁၄မိုင်အကွာတွင် ကန်ကြီးထောင့်မြို့နယ်ဆေးရုံသို့သွားရောက်ကုသနိုင်ပါသည်။ကျေးရွာတွင် အဝီစိတွင်းမှရေကို အများဆုံးအသုံးပြုကြသည်။ သောက်သုံးရေအတွက် အဝီစိတွင်းရေ လက်တူးတွင်းများ ၊မိုးရာသီတွင်မိုးရေနှင့်နွေရာသီတွင်ကိုယ်ပိုင်အဝီစိတွင်းများမှ ရေကိုကြိုချက် သောက်သုံးကြသည်။ တစ်ရွာလုံးနီးပါး ယင်လုံအိမ်သာဆောက်လုပ်သုံးစွဲ ကြသဖြင့် ရေကြောင့် ဆက်စပ်ဖြစ်ပွားတတ်သော ရောဂါဖြစ်ပွားမှုများနည်းပါးသည်။

## (ဆ) လူငယ်နှင့်ယဉ်ကျေးမှု

လူငယ်များအတွက် အပန်းဖြေအနားယူနိုင်မည့် အနေအထားသီးသန့်မရှိသော်လည်း ခြင်းဝိုင်း များနှင့် ပိုက်ကျော်ခြင်းကွင်းများရှိသည်။လူငယ်အချို့သည် အရက်သေစာသောက်စားမှုအနည်းငယ်ရှိကြသော်လည်း ကျေးရွာရှိလူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာပါဝင်ကူညီဆောင်ရွက်ကြပြီး ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများတွင်လည်း ပူးပေါင်းပါဝင်မှုများရှိသည်။ လူငယ်များ အသိဉာဏ်ဖွံ့ဖြိုးရေးအတွက် အသိပညာပေး ဟောပြောပွဲများ ပြုလုပ်ပေးရန်လည်း လိုအပ်လျက်ရှိပါသည်။

## (ဇ) အခြေခံအဆောက်အဦ – လမ်းတံတား၊လျှပ်စစ်စွမ်းအား၊သတင်းနှင့်ဆက်သွယ်ရေး

ကျေးရွာတွင်းလမ်းမှာ ယခုစာအုပ်ရေးသားချိန်တွင် ကွန်ကရစ်လမ်းအဖြစ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးရေးရန်ပုံငွေဖြင့် ကျောက်ချောလမ်းဆောင်ရွက်နေပြီဖြစ်ပါသည်။ကျေးရွာတွင်သယ်ယူပို့ဆောင်ရေးအတွက် မြစ်/ချောင်းရှိ၍ ချောင်းကူးတံတား ရှိပါသည်။

ကျေးရွာသည် လျှပ်စစ်မီးမရရှိသဖြင့် ဆိုလာမီးကိုအများဆုံး အသုံးပြုကြပါသည်။ ဘတ္ထရီမီး၊ စပါးခွံလောင်စာ၊ ဖယောင်းတိုင်မီးနှင့် ရေနံဆီမီးတို့ကို အသုံးပြုကြရပါသည်။

ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့်အခြားလူမှုဝန်ဆောင်မှုလုပ်ငန်းများအတွက် လက်လှမ်းမှီအသုံးပြုနိုင်ကြသည်။အိမ်ထောင်စုအားလုံးတိုင်းနီးပါးလက်ကိုင်ဖုန်းအသုံးပြုနေကြပြီဖြစ်သည်။ကျေးရွာတွင် အင်တာနက်အသုံးပြုနိုင်မှုအသင့်အတင့်ကောင်းမွန်ပြီးအခြားသတင်း အချက်အလက်များအတွက် ချိတ်ဆက်အသုံးပြုနိုင်သည်။

## (ဈ) တည်ငြိမ်အေးချမ်းမှုနှင့်ပြည်သူ့လုံခြုံရေး

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့်ကုန်စည်ကူးသန်းရောင်းဝယ်မှုကိုချောမွေ့စေသည်။ကျေးရွာသားများသည် မိုဘိုင်းတယ်လီဖုန်းဆက်သွယ်ရေးကိုအသုံးပြုနိုင်ကြပြီး သတင်းအရင်းအမြစ်များအတွက် လိုအပ်သလိုဆက်သွယ်သိရှိနိုင်သည်။ ကျေးရွာတွင် သဘာဝဘေးအန္တရာယ်လျော့ပါးရေး အစီအစဉ်သီးသန့်ရေးဆွဲထားခြင်းမရှိပါ။ရွာသားများသည် ဒါးကတိုက်နယ် ရဲစခန်းနှင့် ကန်ကြီးထောင့်မြို့နယ်ရဲစခန်းသို့အလွယ်တကူချိတ်ဆက်နိုင်ပြီး ကျေးရွာတွင် ရာဇဝတ်မှု ဖြစ်ပွားခြင်းနည်းပါးသည်။

## ၅။ ဖွံ့ဖြိုးရေးအတွက်အထောက်ပံ့ဖြစ်စေမည့်အခြေနေကောင်းများ၊အဟန့်အတားနှင့်စိန်ခေါ်မှုများ

## (က) ဖွံ့ဖြိုးရေးအတွက်အထောက်ပံ့ဖြစ်စေမည့်အခြေနေများ

**မုဆိုးမကွင်း**ကျေးရွာသည် ပထဝီဝင်အနေအထားအရ မြေပြန့်ဒေသတွင်တည်ရှိပြီး မည်သည့်နေရာဒေသမဆိုကုန်းလမ်းဖြင့် သွားလာနိုင်ပါသည်။ ရွာတွင်းလမ်းမှာ ယခုစာအုပ်ရေးသားချိန်တွင် ကွန်ကရစ်လမ်းအဖြစ် ဆောင်ရွက်နေပြီဖြစ်၍ ရာသီမရွေးသွားလာနိုင်ပါသည်။

ကျေးရွာတွင်အခြေခံပညာရေးကို ရွာအတွင်မူလတန်းနှင့်အလယ်တန်းကျောင်းရှိပါသည်။ ကျေးရွာတွင် အထက်တန်းကို (၂)မိုင်ခန့်ဝေးသော ဝက်ထိုးကျေးရွာရှိ ကျောင်သို့လည်ကောင်း ကျေးရွာမှ(၄) မိုင်ခန့်ဝေးသော အ.ထ.ကဒါးကကျေးရွာတွင် သင်ယူနိုင်ပါသည်။ ကျေးရွာတွင် စျေးဆိုင်ငယ်များရှိပြီး ကျေးရွာမှ(၁၂)မိုင်ခန့်ဝေးသည့် ကန်ကြီးထောင့်မြို့သို့သွားရောက်ဝယ်ယူရရှိနိုင်ပြီး ပစ္စည်းစုံလင် စွာရရှိနိုင်ပေသည်။

ကျေးရွာမှာလျှပ်စစ်မီးမရသဖြင့် ဆိုလာမီးကိုသာအဓိကအသုံးပြုကြပါသည်။ ချက်ပြုတ်စားသောက်ရာတွင် ထင်းမီးနှင့် စပါးခွံများကိုသာ အဓိကအသုံးပြုကြပါသည်။ ဆိုလာအသုံးပြုကြသဖြင့် ကျောင်းသူ/သားများ၏ စာဖတ်ချိန်ကို အထောက်အပံ့ဖြစ်ခြင်း၊ အားလပ်ချိန် များတွင် ဗဟုသုတရဖွယ် သုတ၊ ရသနှင့် သတင်းအစုံအလင်အား တီဗွီဖန်သားပြင်မှ ကြည့်ရှုနိုင်ကြပါသည်။ ချို့တဲ့သော အိမ်ထောင်စုများတွင်ဖယောင်းတိုင်မီးများ၊ ရေနံဆီမီးများကိုအသုံးပြုကြရသည်။ လူဦးရေအားလုံး၏ ၄၀%မှာ အလုပ် လုပ်နိုင်သည့်အရွယ်များဖြစ်ကြသည်။ကျေးရွာလူထု၏ ကျန်းမာရေးအခြေအနေမှာယေဘုယျအားဖြင့်ကောင်းမွန်ပြီးဆေးဝါးကုသလိုမှုအတွက်(၂)မိုင်ခန့်အကွာရှိ ဝက်ထိုးကျေးရွာ ကျေးလက် ဆေးပေးခန်းနှင့်(၁၂)မိုင်ခန့်အကွာတွင် ကန်ကြီးထောင့်မြို့နယ်ဆေးရုံတွင်လည်းကောင်း ၊ကျေးရွာမှ(၄)မိုင်ခန့်အကွာတွင် ဒါးကတိုက်နယ်ဆေးရုံသို့ ကား/ဆိုင်ကယ် လမ်းဖြင့်သွားရောက်ပြီးဆေးကုသမှုများခံယူနိုင်ကြသည်။စိုးရိမ်ရသောဆေးဝါး ကုသလိုမှုအတွက် ပုသိမ်မြို့ပေါ်ရှိ ပုဂ္ဂလိကဆေးရုံများသို့ သွားရောက်ကုသမှုခံယူနိုင်ကြသည်။

ကျေးရွာအတွင်းဖွဲ့စည်းထားသော လူငယ်လူထုအခြေပြုအဖွဲ့အစည်းများ မရှိသော်လည်း ကျေးရွာတွင် သာရေးနာရေးပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးနှင့် လူမှုရေးလိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ရာတွင် ကျွန်ုပ်တို့ကျေးရွာပါဝင်ပါသည်။စိုက်ပျိုးမွေးမြူရေးချေးငွေအဖွဲ့ရှိပြီး အဖွဲ့များ၏ လုပ်ငန်းလည်ပတ်မှုမှာ အသင့်အတင့်ကောင်းမွန်ပါသည်။ ပြင်ပပုဂ္ဂလိကငွေချေးအဖွဲ့များ၊ အစိုးရဌာနများနှင့်အချိတ်အဆက် ပိုမိုကောင်းမွန်လာစေရန် မျှော်လင့်ပြီး ထိုအထောက်အပံ့ဖြင့် ကျေးရွာအတွက် လယ်ယာလုပ်ငန်း လုပ်ကိုင်ဆောင်ရွက်မှုနှင့် အခြားအသေးစားလုပ်ငန်းများ လုပ်ကိုင်ဆောင်ရွက်ရန်အထောက်အပံ့ ကောင်းများဖြစ်လာစေရေးမျှော်လင့်ပါသည်။စိုက်ပျိုးရေးဦးစီးဌာနမှလည်း မျိုးကောင်းမျိုးသန့်များ ၊စိုက်ပျိုးရေးနှင့်ပတ်သက်သော ခေတ်မီနည်းပညာပေးစနစ်များလာရောက်ပို့ချပေးရန် ကျေးရွာမှ တောင်သူများကမျှော်လင့်နေကြပါသည်။

သဘာဝအရင်းအမြစ်များတွင်လယ်မြေများသည်မြေပြန့်ဖြစ်ပြီးမြေဆီဩဇာအတော်အသင့် အတင့်ကောင်းမွန်သည်။ပမ္မဝတီမြစ်ဘေးတွင် တည်ရှိ၍ တောင်သူများလည်းလယ်ယာထွက်ကုန်များကိုရေလမ်းဖြင့် အလွယ်တကူသယ်ယူပို့ဆောင်ရောင်းချနိုင်ပြီး ဈေးကွက်မှာ အသင့်အတင့်ကောင်းမွန်ပါသည်။စပါးကို အဓိကစိုက်ပျိုးကြပြီး တစ်နှစ်ပတ်လုံးရေချိုရရှိသဖြင့် ဆောင်းစပါး၊မိုးစပါးတို့ကို လွန်စွာအထောက်အပူပြုပါသည်။

ကျေးရွာတွင် ရာဇဝတ်မှုခင်းဖြစ်ပွားမှုနည်းပါးပြီး တည်ငြိမ်အေးချမ်းမှုကြောင့်ကုန်စည်ကူးသန်း ရောင်းဝယ်မှုကိုချောမွေ့စေသည်။ကျေးရွာတွင် မိုဘိုင်းဖုန်းဆက်သွယ်ရေးကို ဈေးကွက်နှင့်အခြားလူမှု ဝန်ဆောင်မှုလုပ်ငန်းများအတွက်လက်လှမ်းမှီအသုံးပြုနိုင်ကြသည်။

လူမှုရေးပရဟိတအသင်းအဖွဲ့များ အားနည်းသော်လည်းကျန်းမာရေးနှင့်အခြားလူမှုရေးကိစ္စ အဝဝတွင် ကျေးရွာရှိလူငယ်များမှလိုအပ်သလိုကူညီဆောင်ရွက်မှုများရှိပါသည်။

**(ခ) အဟန့်အတားနှင့်စိန်ခေါ်မှု**

ကျေးရွာအနေအထားအရယေဘုယျအားဖြင့် အဟန့်အတားစိန်ခေါ်မှုများအဖြစ် ရွာချင်းဆက် လမ်းများ ပြန်လည်တိုးချဲ့ပြုပြင်ဆောင်ရွက်ရန်လိုအပ်ခြင်း၊ သန့်ရှင်းသောသောက်သုံးရေ လုံလောက် စွာမရရှိခြင်း၊ လျှပ်စစ်မီးမရရှိသေးခြင်းနှင့် ကျန်းမာရေးအသိပညာအားနည်းခြင်းတို့မှာ အဓိက ဖြစ်ပါသည်။

စိုက်ပျိုးရေးအတွက်မျိုးကောင်းမျိုးသန့်များဖြင့် မစိုက်ပျိုးနိုင်ခြင်း၊သီးနှံပိုးမွှားများ၊ရောဂါများ ကျရောက်မှုအန္တရာယ်ရင်ဆိုင်ရလေ့ရှိပြီး လယ်ယာစိုက်ပျိုးရေးအတွက် အဟန့်အတားနှင့်စိန်ခေါ်မှုတစ်ခု အဖြစ်တည်ရှိနေပါသည်။

**၆။ ပန်းတိုင်နှင့်မဟာဗျူဟာ**

**(က) ဖွံ့ဖြိုးရေးပန်းတိုင်**

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အဖွဲ့နှင့်တိုင်ပင်ညှိနှိုင်းပြီးလာမည့် ငါးနှစ်တာ ကာလအတွက်ကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကိုအောက်ပါအတိုင်းချမှတ်ထားပါသည်။

က.၁) ကျွန်ုပ်တို့ကျေးရွာလူထုသည် လမ်းပန်းဆက်သွယ်ရေး ပိုမိုကောင်းမွန်လာအောင် တိုးချဲ့ဖန်တီးခြင်းမှတစ်ဆင့်ကျေးရွာအခြေခံအဆောက်အဦများကိုတိုးတက်ကောင်းမွန် အောင်ဆောင်ရွက်ခြင်းဖြင့်လူမှုစီးပွားဘဝကိုတိုးတက်ရရှိစေမည်။

က.၂) ကျွန်ုပ်တို့ရွာလူထုသည် စိုက်ပျိုးရေးလုပ်ငန်းများ ပိုမိုကောင်းမွန်လာအောင်ပူးပေါင်း ဆောင်ရွက်ခြင်းမှတဆင့်ကျေးရွာအခြေခံအဆောက်အဦများကို တိုးတက်ကောင်းမွန် အောင် ဆောင်ရွက်ခြင်းဖြင့် လူမှုစီးပွားဘဝကို တိုးတက်ရရှိစေမည်။

က-၃) ကျွန်ုပ်တို့ရွာလူထုသည် သန့်ရှင်းသောသောက်သုံးရေပိုမိုရရှိအောင် ပူးပေါင်း ဆောင်ရွက်ခြင်းမှတဆင့်ကျေးရွာအခြေခံအဆောက်အဦများကို တိုးတက်ကောင်းမွန် အောင် ဆောင်ရွက်ခြင်းဖြင့် လူမှုစီးပွားဘဝကို တိုးတက်ရရှိစေမည်။

က-၄) ကျွန်ုပ်တို့ရွာလူထုသည် လျှပ်စစ်မီးရရှိအောင် ပူးပေါင်းဆောင်ရွက်ခြင်းမှတဆင့် ကျေးရွာအခြေခံအဆောက်အဦများကို တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခြင်းဖြင့် လူမှုစီးပွား ဘဝကို တိုးတက်ရရှိစေမည်။

**(ခ) အကောင်အထည်ဖော်နည်းဗျူဟာ**

ကျွန်ုပ်တို့သည်အထက်တွင်ဖော်ပြထားသောကျေးရွာဖွံ့ဖြိုးရေးပန်းတိုင်များကိုရောက်ရှိရန် အောက်ပါအကောင်အထည်ဖော်မှုများကိုဆောင်ရွက်သွားကြမည် –

၁.၁) ကျေးရွာတွင်လမ်းပန်းဆက်သွယ်ရေးပိုမိုအဆင်ပြေချောမွေ့စေရန်ရွာချင်း ဆက်လမ်းများတိုးချဲ့ဆောင်ရွက်ခြင်းကိုသက်ဆိုင်ရာဌာနများနှင့်ချိတ်ဆက်ဆောင်ရွက်သွားမည်။

၁.၂) ကျန်းမာရေးဆိုင်ရာ အထောက်အပံ့များဖြစ်သည့် အသိပညာပေးဟောပြောပွဲများ၊ ကျန်းမာရေးအဆောက်အဦများရရှိလာအောင် သက်ဆိုင်ရာဌာနများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။

၁(၃. စိုက်ပျိုးရေးအတွက် မျိုးကောင်းမျိုးသန့်များရရှိရေး စိုက်ပျိုးရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။

၁(၄– သန့်ရှင်းသောသောက်သုံးရေနှင့် လျှပ်စစ်မီးလင်းရေးအတွက် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းတို့နှင့် ချိတ်ဆက်ဆောင်ရွက် သွားမည်။

## ၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏မူဝါဒနှင့်လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသောအစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ နည်းပညာအကြံပေးအဖွဲ့တို့၏အကြံပြုချက်အရပြုစုဖော်ပြထားပါသည်။ဤအဖွဲ့အစည်းများအနေဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ထိုမှတစ်ဆင့်ကျွန်ုပ်တို့ကျေးရွာအဆင့်ထိ ပံ့ပိုးမှုပေးနိုင်မည့်အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်ကြပါမည်။

### (က) ကျေးရွာဖွံ့ဖြိုးရေးရည်မှန်းချက်ရေးဆွဲခြင်းနှင့်ပုံမှန်စိစစ်ခြင်း

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။အနာဂါတ်တွင်လည်းရေရှည်တည်တံ့မည့်အထောက်အပံ့များကိုနိုင်ငံတော်အစိုးရထံမှရရှိမည်ဟုမျှော်လင့်ပါသည်။ကျွန်ုပ်တို့ကျေးရွာသားများကိုယ်တိုင်အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကိုပြန်လည်စိစစ်ခြင်း၊နောက်ဆုံးအတည်ပြုထားသည့်ဖွံ့ဖြိုးရေးအစီအစဉ်များကိုလည်းသတ်မှတ်ကာလအတိုင်းပုံမှန်စိစစ်သွားနိုင်ပါမည်။အရေးကြီးသည့်အချက်မှာဦးစားပေးစီမံချက်များနှင့်ဘတ်ဂျတ်ပမာဏပါဝင်သည့်နှစ်ပတ်လည်ဖွံ့ဖြိုးရေးစီမံချက်ပြင်ဆင်ရန်ဖြစ်သည်။

### (ခ) သန့်ရှင်းသောသောက်သုံးရေနှင့်မီးလင်းရေးဆောင်ရွက်ခြင်း

ကျေးရွာတွင်သန့်ရှင်းသောသောက်သုံးရေ လုံလောက်စွာရရှိရေးအတွက် စက်ရေတွင်းတူး ဖော်ရန် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ချိတ်ဆက်ဆောင်ရွက်သွားပါမည်။ကျေးရွာရှိကျောင်းသား /သူများအတွက် အထောက်အပံ့ဖြစ်ရေးနှင့် ရွာတွင်းရှိ စီးပွားရေး၊လူမှုရေးလုပ်ငန်းများ

အပြင် အခြားကုန်ထုတ်လုပ်ငန်းများပါ ဆောင်ရွက်နိုင်ရေးအတွက် မဟာဓာတ်အားလိုင်းလျှပ်စစ်မီး ရရှိအောင် ဆောင်ရွက်ရန် သက်ဆိုင်ရာ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း မြို့နယ်လျှပ်စစ် အင်ဂျင်နီယာမှူးနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်။

## (ဂ) ကျန်းမာရေးအထောက်အပံ့များရရှိအောင်ဆောင်ရွက်ခြင်း

ကျေးရွာရှိပြည်သူများအတွက် ကျန်းမာရေးအထောက်အပံ့များအဖြစ် အသိပညာပေး ဟောပြောပွဲများ နှင့်ကျေးရွာတွင်းကျန်းမာရေးဝန်ဆောင်မှုများအလွယ်တကူရရှိရန်၊ကျေးလက်ဆေးပေးခန်းရရှိရန် သက်ဆိုင် ရာကျန်းမာရေးဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်သွားပါမည်။

## (ဃ) စိုက်ပျိုးရေးလုပ်ငန်းများတိုးမြှင့်နိုင်ရေးဆောင်ရွက်ခြင်း

စိုက်ပျိုးရေးလုပ်ငန်းများတိုးမြှင့်နိုင်ရေးအတွက် မျိုးကောင်းမျိုးသန့်များ၊စိုက်ပျိုးရေးနည်းပညာများ ရရှိအောင်သက်ဆိုင်ရာဌာနဖြစ်သည့်စိုက်ပျိုးရေးဦးစီးဌာနနှင့်ချိတ်ဆက်ဆောင်ရွက်သွားပါမည်။

## ၈။ စီမံကိန်း၊စီမံချက်များနှင့်အကောင်အထည်ဖော်ဆောင်ရွက်မှုအချိန်ကာလ

ဗျူဟာဆိုသည်မှာ ချမှတ်ထားသောပန်းတိုင်များကိုရောက်ရှိရန် အကောင်ထည်ဖော်မည့် နည်းလမ်းဖြစ်သည်။နည်းလမ်းဆိုသည်မှာ မည်သည့်စီမံချက်များကို မည်သို့အကောင်ထည်ဖော်မည် ဆိုသည့်သဘောပင်ဖြစ်သည်။ထို့ကြောင့်စီမံချက်များသည်ချမှတ်ထားသော ပန်းတိုင်များကိုရောက်ရှိရန် ငါးနှစ်တာစီမံချက်ကာလအတွင်းပါဝင်မည့်ဖွံ့ဖြိုးရေးလုပ်ငန်းအကောင်အထည်ဖော်မှုဆိုင်ရာအဓိက သော့ချက်များဖြစ်သည်။

## (က) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်

ကျေးရွာလူထုက ငါးနှစ်တာအတွက်စီမံကိန်းရေးဆွဲစဉ်အချိန်က ဦးစားပေးအစီအစဉ်ချခဲ့သော စီမံကိန်းများသည် ငါးနှစ်တာလုံးအတွက်ပြီးပြည့်စုံပြီဟုမဆိုနိုင်ပါ။ဦးစားပေးစီမံကိန်းအချို့ကိုရှေ့ပိုင်းနှစ်များတွင် ဆောင်ရွက်နေစဉ် နောက်ထပ်ဦးစားပေးစီမံကိန်းအသစ်များပေါ်လာပါမည်။ပုံမှန်အားဖြင့် စနစ်တကျရေးဆွဲထားသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်မူဘောင်သည် သဘာဝဘေးအန္တရာယ်ဆိုးဆိုးဝါးဝါး မကျပါကပြောင်းလဲမှုသိသိသာသာမရှိနိုင်ပဲ နောက်တိုးဦးစားပေးစီမံကိန်းလုပ်ငန်းအချို့ကိုနှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ထည့်သွင်းခြင်းအားဖြင့်အစဉ်သဖြင့် ငါးနှစ်တာစီမံချက်တစ်ခုအသင့် အနေအထားတွင်ရှိနေပါမည်။

## (ခ) ကဏ္ဍနှင့်ရင်းနှီးမြှပ်နှံမှုအမျိုးအစားကိုအခြေခံ၍စီမံချက်ကိုအုပ်စုခွဲခြားခြင်း

စီမံကိန်းများကိုမည်သည့်ဝန်ကြီးဌာန၊ဦးစီးဌာနနှင့်သက်ဆိုင်သည်ဟုလုပ်ငန်းကဏ္ဍဆိုင်ရာအရခွဲခြားခြင်း (Functional classification)နှင့်စီးပွားရေးအကျိုးဖြစ်ထွန်းမှုနှင့်အကျိုးသက်ရောက်မှုဆိုင်ရာရင်းနှီးမြှပ်နှံမှုကိုအခြေခံ၍အုပ်စုသတ်မှတ်ခြင်း (Economic classification)ဟူ၍နှစ်မျိုးရှိသည်။

လုပ်ငန်းကဏ္ဍကိုအခြေခံ၍စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional classification)-ဝန်ကြီးဌာနများ၊ ဦးစီးဌာနများကယင်းတို့၏လုပ်ငန်းတာဝန်များအလိုက်ဖော်ထုတ်ထားသောလုပ်ငန်းကဏ္ဍအပိုင်းအခြားများကိုသိရှိစေနိုင်သည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကိုအခြေခံ၍စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Economic classification)တွင်

- သာမန်အသုံးစရိတ်
- ငွေလုံးငွေရင်းအသုံးစရိတ်၊
- စွမ်းဆောင်ရည်မြှင့်တင်ရေးအသုံးစရိတ်
- လူသားချင်းစာနာမှုဆိုင်ရာအထောက်အပံ့တို့ပါဝင်သည်။

## (ဂ) ဦးစားပေးစီမံချက်များ

စီမံချက်များအလိုက် ဦးစားပေးအစီအစဉ်များကိုဇယားဖြင့်ဖော်ပြထားပါသည်။ကျေးရွာလူထုသည်နှစ်သက်ရာအမှတ်ပေးအဆင့်ခွဲခြင်းစနစ်ဖြင့် ရွာလုံးကျွတ်အစည်းအဝေးတွင်စီမံချက်များဦးစားပေးအစီအစဉ်ကိုဖော်ထုတ်ထားပါသည်။တချို့စီမံချက်များကို ရေးဆွဲရာတွင်မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့်အခြားအေဂျင်စီများထံမှနည်းပညာအကူအညီများရရှိရန်လည်းလိုအပ်ပါသည်။ကျေးရွာဖွံ့ဖြိုးရေးအစည်းအဝေးတွင်သဘောတူသတ်မှတ်ထားသောဦးစားပေးစီမံချက်လုပ်ငန်းများမှာ အောက်ပါအတိုင်းဖြစ်ပါသည်။

ဧရာဝတီတိုင်းဒေသကြီး၊ကန်ကြီးထောင့်မြို့နယ်၊ကျောင်းစုကျေးရွာ၊ဦးစားပေးစီမံချက်များ

| ကဏ္ဍ/ကဏ္ဍခွဲ | စီမံချက် | ရမှတ်ပေါင်း | ဦးစားပေးအဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| *သယ်ယူပို့ဆောင်ရေးဆိုင်ရာအဆောက်အဦနှင့်ဝန်ဆောင်မှု* | | | | | |
| | ၁။ကျေးရွာတွင်းလမ်းအဆင့်မြှင့်တင်ခြင်း | ၁၀၀ | ၁ | - ကျောင်းချောလမ်းခင်းရန် | ကျေးလက်ဦးစီး |
| | | | | - | |
| *လျှပ်စစ်စွမ်းအား* | | | | | |
| | | | | - | |
| *ပညာရေး* | | | | | |
| | ၂။စာကြည့်တိုက် | ၇၀ | ၃ | - စာကြည့်တိုက် | ပညာရေး |
| *လူသားနှင့်အဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်ရေး* | | | | | |
| | ၃။မီးသင်္ဂြိုလ်စက် | ၆၀ | ၄ | - မီးသင်္ဂြိုလ်စက် | ကျေးလက်ဦးစီး |

| ကဏ္ဍ/ကဏ္ဍခွဲ | စီမံချက် | ရမှတ် ပေါင်း | ဦးစားပေး အဆင့် | ဖော်ပြချက် | မှတ်ချက် |
|---|---|---|---|---|---|
| *ကျန်းမာရေး* | | | | | |
| | ၄။ဆေးပေးခန်းလိုအပ် | ၈၀ | ၂ | - ဆေးပေးခန်းဆောက်လုပ်ေးရန် | ကျန်းမာရေး ဦးစီး |

(ဃ) အကောင်အထည်ဖော်မည့်အချိန်ကာလ

အောက်ပါဇယားတွင်လုပ်ငန်းစတင်ရန်၊ပြီးဆုံးရန်ခန့်မှန်းဖော်ပြထားသည့်ဦးစားပေး စီမံချက်များ၏အချိန်ဇယားကိုဖော်ပြထားပါသည်။ဤအစီအစဉ်ကိုနှစ်အလိုက်လိုအပ်သလိုဖြည့်စွက်ပြ ြင်ဆင်ပြီးနှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲရာတွင်လည်းထည့်သွင်းပေး မည်။

| စီမံချက် | အဆင့် | ၂၀၁၈ | ၂၀၁၉ | ၂၀၂၀ | ၂၀၂၁ | ၂၀၂၂ |
|---|---|---|---|---|---|---|
| ၁။ကျေးရွာလမ်းကျောက်ချောခင်းရန် | ၁ | —— | | | | |
| ၂။ဆေးပေးခန်း | ၂ | | —— | | | |
| ၃။စာကြည့်တိုက် | ၃ | | | —— | | |
| ၄။မီးသင်္ဂြိုလ်စက် | ၄ | | | | —— | |
| | | | | | | |

၉။ ဘတ်ဂျတ်နှင့်ငွေကြေးဆိုင်ရာအစီအစဉ်

အောက်ပါဇယားတွင် ဖော်ပြထားသော စီမံချက်အလိုက် ဘတ်ဂျက်ပမာဏများသည် ရည်ညွှန်းနမူနာ(indicative)အဖြစ် ကိုးကားရန်သာဖြစ်ပါသည်။အမှန်တကယ်လိုအပ်သော ဘတ်ဂျက်ပမာဏတွက်ချက်နိုင်ရန် အသေးစိတ်ဆက်လက်၍ဆောင်ရွက်ရမည်ဖြစ်ပါသည်။ကျေးရွာ ဖွံ့ဖြိုးရေးကော်မတီသည်အချို့စီမံချက်များကို ရေးဆွဲရာတွင် မြို့နယ်အဆင့်ဌာနဆိုင်ရာအဖွဲ့များ အစည်းများနှင့်ဝန်ဆောင်မှုပေးသည့် လုပ်ငန်းရှင်များထံမှဘတ်ဂျတ်အပါအဝင် စီမံချက်ပြုစုရေးဆွဲ ရေးအကူအညီများရရှိရန်လည်း လိုအပ်ပါသည်။ဖော်ပြထားသော ရည်ညွှန်းဘတ်ဂျက်ပမာဏ တွင်ကျေးရွာလူထု၏ငွေသားမဟုတ်သောထည့်ဝင်မှုများကိုထည့်သွင်းဖော်ပြထားခြင်းမရှိပါ။ (ငွေသားမဟုတ်သောထည့်ဝင်မှုဥပမာလုပ်အား၊သဲ၊ကျောက်၊ပစ္စည်းကိရိယာ၊အချိန်စသည်)

စီမံချက်ဘတ်ဂျက်

| စဉ် | စီမံချက် | ရန်ပုံငွေ (သိန်း) | ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း(ကျပ်) | | | |
|---|---|---|---|---|---|---|
| | | | သာမန် အသုံးစရိတ် | ငွေလုံးငွေရင်းအသုံးစရိတ် | | လူသားချင်းစာနာမှုဆိုင်ရာထောက်ပံ့မှု |
| | | | | ငွေလုံးငွေရင်းအသုံးစရိတ် | စွမ်းဆောင်ရည်မြှင့်တင်ရေး | |
| ၁ | ကျေးရွာလမ်းကျောက်ချောခင်းရန် | ၁၀၀ | | ✓ | | |
| ၂ | ဆေးပေးခန်း | ၁၀၀ | | ✓ | | |
| ၃ | စာကြည့်တိုက် | ၁၀၀ | | ✓ | | |
| ၄ | မီးသင်္ဂြိုလ်စက် | ၁၀၀ | | ✓ | | |
| | | | | | | |

## ၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့်နည်းလမ်းနှင့်အစီအစဉ်များ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ကျေးရွာလူထုကဦးဆောင်အကောင်ထည်ဖော်မည် ဖြစ်သဖြင့်လုပ်ငန်းအောင်မြင်ရေးနှင့်ရည်မှန်းချက်များသို့ရောက်ရှိရေးမှာ ကျေးရွာတွင်တာဝန်ရှိ ပါသည်။

## (က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သော စီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန်ဖြစ်ပါသည်။ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။အဖွဲ့အစည်းအသီးသီး၊ကော်မတီအသီးသီးအားတာဝန်များခွဲဝေအပ်နှင်း၍သက်ဆိုင်ရာ စီမံကိန်း များ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ဥပမာ-မိဘဆရာအသင်းသည်ကျေးရွာ အထက်တန်း ကျောင်း၏ပညာရေးအရည်အသွေးကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမား အဖွဲ့က ကျေးရွာလယ်ယာကုန်ထုတ်လမ်းအဆင့်မြှင့်ခြင်းလုပ်ငန်းကိုတာဝန်ယူ ဆောင်ရွက်စေခြင်း ဖြစ်ပါသည်။

## (ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်း

ကျွန်ုပ်တို့ကျေးရွာကော်မတီအဖွဲ့များက ဖွံ့ဖြိုးရေးစီမံကိန်းများအကောင်အထည်ဖော်ရာတွင် ဦးဆောင် စီမံခန့်ခွဲမှုတာဝန်ယူဆောင်ရွက်သော်လည်းအခြားသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့ များကိုလည်း ရှာဖွေဆက်သွယ်ပူးပေါင်းရန်လိုပါမည်။ကျွန်ုပ်တို့ကိုယ်တိုင်မတတ်နိုင်သောအကူအညီ များရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ဥပမာ-မိဘဆရာအသင်းသည် ပညာရေးသင်ကြားမှုအရည် အသွေးတိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့်ချိတ်ဆက်ညှိနှိုင်းဆောင်ရွက်ရပါမည်။

လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်းအထောက်အကူပြုလမ်းအဆင့်မြှင့်တင်ရန်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနနှင့်ဆက်သွယ်၍အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့်တွက်ချက်မှုဆိုင်ရာအကူအညီများရယူရပါမည်။

## (ဂ) ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့်အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိတ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူဆောင်ရွက်ရမည့်ကိစ္စများကိုလည်း တွေ့ရပါမည်။၎င်းလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါအဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ပါဝင်မှုမှာအမှန်ပင်လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ကြီးကြပ်ရေးစသည့်လုပ်ငန်းများအတွက်ကန်ထရိုက်များ
- စိုက်ပျိုးရေး၊မွေးမြူရေးစသည့်သင်တန်းများအတွက်နည်းပညာဆိုင်ရာနှင့်စီမံခန့်ခွဲမှုဆိုင်ရာဝန်ဆောင်မှုပေးသည့်အဖွဲ့များ(နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ဒေသဖွံ့ဖြိုးရေးအဖွဲ့အစည်းများ၊ပုဂ္ဂလိကအဖွဲ့အစည်းများ၊လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖော်ပြထားသောသတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီးလုပ်ငန်းတစ်ခုလုံးလွှမ်းခြုံကြီးကြပ်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီကတာဝန်ပေးထားသော အဖွဲ့၏တာဝန်သာဖြစ်ပါသည်။အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနကတာဝန်ယူပါမည်။၎င်းကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသောကော်မတီကိုဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ်ပူးပေါင်းဆောင်ရွက်ပါမည်။

## (ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့်ပြုပြင်ထိန်းသိမ်းရန်အတွက်အဖွဲ့အစည်းဆိုင်ရာအစီအစဉ်များနှင့်ငွေကြေးဆိုင်ရာအစီအမံများ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေးအစီအစဉ်များထားရှိမည်။ဥပမာအားဖြင့် အသုံးပြုသူများထံမှအသုံးပြုခကောက်ခံခြင်း၊ စေတနာအလျောက်ထည့်ဝင်လိုသူများထံမှအလှူငွေကောက်ခံခြင်း တို့ကိုဆောင်ရွက်မည်။ထို့အပြင်လမ်းပေါ်ဖြတ်သန်းသွားလာသယ်ယူမည့်ပစ္စည်းများ၏ ပမာဏကိုကန့်သတ်ခြင်းကဲ့သို့သော စည်းကမ်းများသတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများ ရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက်သက်ဆိုင်ရာကော်မတီအဖွဲ့အားတာဝန်အပ်နှင်းဆောင်ရွက်မည်ဖြစ်ပါသည်။ဥပမာအားဖြင့်လမ်းပြုပြင်ထိန်းသိမ်းရေးအတွက်လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့်ဆောင်ရွက်ပါမည်။

## ၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့်အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေ အနေများအား စနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။အစကနဦး၌ ကြီးကြပ်စစ်ဆေး အကဲဖြတ်ခြင်းလုပ်ငန်းကို ရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့်ဆောင်ရွက်ပါမည်။ သို့မှသာ ရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့်လုပ်ငန်းကို ပြီးမြောက်အောင် ဆောင်ရွက်နိုင် ပါလိမ့်မည်။

လူထုဗဟိုပြု၍အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကောင်အထည် ဖော်သောနည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့် အလျောက်ကျွန်ုပ်တို့သည်ကျေးရွာ ဖွံ့ဖြိုးရေး လုပ်ငန်းများကို ကြီးကြပ်စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ၊ အိမ်ထောင်စုများ တက်ကြွစွာ အတူပူးပေါင်းဆောင်ရွက်ရန်ဆောင်ရွက်ပါမည်။ဤသို့ဆောင်ရွက်နိုင် ရန်သင့် တော်သော အဖွဲ့အစည်းစနစ်၊လုပ်ထုံးလုပ်ငန်းများတည်ဆောက်ပါမည်။

**(၁၁-၁) ကြီးကြပ်စစ်ဆေးခြင်း(Monitoring)**

